# "ဘုရားသခင်ထံ သစ္စာကတိပြုခြင်း"
# A Vow Unto the Lord

ကောင်းကင်ဘုံ၌ ရှိတော်မူသောကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော၊ ကိုယ်တော်၏ အုပ်စိုးခြင်းသည် အကျွန်ုပ်နှလုံးသားထဲ၌ ပို၍ပို၍ တည်ရှိစေတော်မူပါ။ သေတတ်သော အကျွန်ုပ်၏ ကိုယ်ခန္ဓာ၌ အလိုတော်ပြည့်စုံစေတော်မူပါ။ အကျွန်ုပ်၏ သခင်ယေရှုခရစ်တော်အားဖြင့် လိုအပ်သော အချိန်တိုင်း၌ ကိုယ်တော်ကတိထားတော်မူသော မစခြင်း ကျေးဇူးတော်၏ အကူအညီပေါ်၌ ခိုလှုံကိုးစားလျှက် ဤသစ္စာကတိကို ပြုပါ၏။

ကောင်းကင်ဘုံ၏ ကျေးဇူးတော်ပလ္လင်တော်ခြေရင်း၌ ရိတ်သိမ်းခြင်းအလုပ်အပေါ်တွင် အများနှင့်ဆိုင်သော စိတ်ပါဝင်စားခြင်းကိုလည်းကောင်း ထိုအလုပ်၌ ပါဝင်ရန် အကျွန်ုပ်ကိုယ်တိုင်အခွင့်အလမ်းရှိသော ဝေစုကိုသော်လည်း၊ နေရာတိုင်း၌ အတူတကွ လုပ်ဆောင်လျှက်ရှိကြသည့် ချစ်လှစွာသော လုပ်ဖော်ကိုင်ဖက်များကိုလည်းကောင်း အကျွန်ုပ်သည် နေ့စဉ် အောက်မေ့သတိရမည်ဖြစ်ပါသည်။

အကျွန်ုပ်သည် အထူးဂရုစိုက်စွာဖြင့် သာ၍ သစ္စာကတိပြုရန် ယခုထိတိုင် ကျန်ရှိနေပါသည်။ ဖြစ်နိုင်လျှင် အကျွန်ုပ်သည် ကိုယ်တော်နှင့် ကိုယ်တော်၏ သိုးတော်စုအား ပိုမိုကောင်းစွာ အစေခံနိုင်သော စိတ်သဘောကို စိုက်ပျိုးလျှက် အကျွန်ုပ်၏ အတွေးများ၊ စကားလုံးများနှင့် လုပ်ဆောင်မှုများကို အကျွန်ုပ်တတ်နိုင်သည့်အတိုင်း သေချာစွာ စစ်ဆေးကြည့်ရှုပါမည်ဟု အထူးဂရုစိုက်စွာဖြင့် သစ္စာပြုပါသည်။

လူသေကို မေးမြန်းခြင်း (သို့) နတ်ဆိုးနှင့် ပေါင်းဖော်ခြင်းအပြင် သဘာဝလွန်မှော်ပညာကျင့်သုံးမှုများနှင့် ဆင်တူသော အရာခပ်သိမ်းတို့ကို တော်လှန်ရန် အကျွန်ုပ်သည် နိုးနိုးကြားကြားရှိလျှက် သခင်နှစ်ဦးရှိ သည်ကို အစဉ်နှလုံးသွင်းကာ စာတန်၏ တည်ရှိခြင်းကဲ့သို့ ဤ ကျော့ကွင်းများကို ကျိုးကြောင်းစီ လျော်သောနည်းလမ်းများ၌ အကျွန်ုပ်ရှောင်ပါမည်။

အခြားလူများမရှိသော သီးသန့်နေရာများ၌ ဆန့်ကျင်ဘက် အမျိုးသား၊ အမျိုးသမီးတို့နှင့် ဆုံတွေ့သောအခါ လူများ၏ ရှေ့မှောက် (ဘုရားသခင်၏ လူတို့အစည်းအဝေးရှေ့မှောက်) တွင် တွေ့ဆုံဆက်ဆံသကဲ့သို့ နေရာတိုင်း အချိန်တိုင်း၌ အကျွန်ုပ်ကိုယ်တိုင်ပြုမူ ဆောင်ရွက်ပါမည်ဟု အောက်တွင်ဖော်ပြထားသော ခြွင်းချက်များနှင့်အညီ ကတိပြုပါသည်။

ဥပမာအားဖြင့် အခန်းတံခါးကို ကျယ်ဝန်းစွာဖွင့်ထားခြင်းမရှိဘဲ ဆန့်ကျင်ဘက်အမျိုးသား/သမီးတစ်ဦးဦးနှင့် နှစ်ကိုယ်တည်းရှိနေသည့် မည်သည့်အမှုကိစ္စမျိုးကိုမဆို ရှောင်ကြဉ်ပါမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

ခြွင်းချက်အနေဖြင့် ညီအစ်ကိုများသည် သူတို့၏ ဇနီး၊သမီး၊မိခင်နှင့် မောင်နှမတော်စပ်သူများနှင့်အတူ အမှုကိစ္စလုပ်ကိုင်သကဲ့သို့ ညီအစ်မများသည်လည်း သူတို့၏ ခင်ပွန်း၊သား၊ ဖခင်များနှင့် အတူအမှုကိစ္စများ လုပ်ဆောင်နိုင်ကြပါသည်။